## အချက်အလက် စာစောင်

# မိသားစုအကြမ်းဖက်မှုနှင့် လိင်ဆိုင်ရာ အကြမ်းဖက်မှု ကြုံတွေ့နေရသည့်လူများ အတွက် အကူအညီနှင့် ပံ့ပိုးပေးမှု

*သင့်အနေဖြင့် ဩစတြေးလျနိုင်ငံ၌ မွေးဖွားခဲ့သည်ဖြစ်စေ သို့မဟုတ် ဩစတြေးလျနိုင်ငံသို့ နိုင်ငံနောက်တစ်ခုမှ ပြောင်းရွှေ့လာခဲ့သည်ဖြစ်စေ လူတိုင်းတွင် ဘေးကင်းလုံခြုံစေရန်နှင့် ကြောက်ရွံ့မှု နှင့်အကြမ်းဖက်မှုမှ ကင်းရှင်းစွာ နေထိုင်ရန် အခွင့်အရေး ရှိသည်။*

ဩစတြေးလျနိုင်ငံ၌ မိသားစု အကြမ်းဖက်မှုနှင့် လိင်ဆိုင်ရာ အကြမ်းဖက်မှုကို မည်သည့်အခြေအနေ၌မဆို သည်းမခံပါ။

မိသားစုအကြမ်းဖက်မှုနှင့် လိင်ဆိုင်ရာ လက်ရောက်မှုသည် ရာဇဝတ်များဖြစ်သည်၊ ၎င်းတို့မှာ အိမ်၌ဖြစ်ပျက်သည်ပင်လျှင် ရာဇဝတ်မှုဖြစ်သည်။

ဩစတြေးလျနိုင်ငံရှိ ဥပဒေသည် အမျိုးသမီးများနှင့် အမျိုးသားများအပေါ် တန်းတူ အာဏာသက်ရောက်သည်။ လူတိုင်းသည် အပြုသဘောဆောင်ပြီး ဘေးကင်းလုံခြုံသည့် ပေါင်းသင်းဆက်ဆံရေးများ တွေ့ကြုံရန် အခွင့်အရေး ရှိသည်။

## မိသားစု အကြမ်းဖက်မှု

မိသားစု အကြမ်းဖက်မှုသည် ရာဇဝတ်မှုတစ်ခုဖြစ်သည်။ သင့် ခင်ပွန်း သို့မဟုတ် ကြင်ဖော်ဖက် အတွက် သင့်အပေါ် အကြမ်းဖက်ခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်သည်။

မိသားစု အကြမ်းဖက်မှုတွင် လက်ရောက်မှုကျူးလွန်ခြင်း၊ လိင်ဆိုင်ရာ လက်ရောက်မှုကျူးလွန်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှိုင်ထက်စီးနင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှုတ်ဖြင့်စော်ကားခြင်း၊ အစေ့မှသွေးဆောင်ခေါ်သွားခြင်း၊ နောက်ယောင်ခံလိုက်ခြင်း သို့မဟုတ် ဤအရာများအနက် တစ်ခုခုကိုလုပ်ရန် အားထုတ်ခြင်းကဲ့သို့သော အကြမ်းဖက်သည့် အပြုအမူများ ပါဝင်သည်။

မိသားစု အကြမ်းဖက်တွင် ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုထက်ပိုမိုပြီး ငွေကြေးအရ နှိပ်စက်မှု၊ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်မှု၊ မိသားစုအကြမ်းဖက်မှု တားမြစ်အမိန့်များကို ဖောက်ဖျက်ခြင်းနှင့် ပစ္စည်းဥစ္စာ ဖျက်ဆီးခြင်းတို့လည်း ပါဝင်သည်။

မိသားစု အကြမ်းဖက်မှု နမူနာများတွင် ပါဝင်သည်မှာ-

- ဩစတြေးလျနိုင်ငံ၌ နေထိုင်ရန် သင့် အခွင့်အရေးနှင့်ပတ်သက်၍ ခြိမ်းခြောက်မှုများအပါအဝင် သင့်အား ခြိမ်းခြောက်ခြင်း
- သင့်အား ဆုပ်ဆွဲခြင်း၊ ရိုက်ခြင်း၊ လည်ပင်းညှစ်ခြင်း၊ ကန်ခြင်း သို့မဟုတ် ထိုးခြင်း
- အရာပစ္စည်းများဖြင့် သင့်အား ပစ်ပေါက်ခြင်း
- မည်သူ့အား သင် တွေ့နိုင်ပြီး မည်သည့်အရာကို သင် လုပ်နိုင်ကြောင်း ပြောခြင်း
- လိင်ဆက်ဆံရန် သင့်အား အတင်းအကျပ်ပြုခြင်း
- သင့်အား မိတ်ဆွေများနှင့် မိသားစုတို့မှ အထီးကျန်အောင်လုပ်ထားခြင်း
- ပိုက်ဆံ သို့မဟုတ် ငွေကြေးကို ရယူရန် တားမြစ်ထားခြင်း

## လိင်ဆိုင်ရာ အကြမ်းဖက်မှု

လိင်ဆိုင်ရာ အကြမ်းဖက်မှုတွင် မလုပ်လိုသော၊ သဘောမတူသော၊ စိတ်ဒဏ်သင့်သောနှင့် နာကျင်သော လိင်ဆိုင်ရာ အပြုအမူများပါဝင်သည်၊ လိင်ဆိုင်ရာ အနှောင့်အယှက်ပေးခြင်း၊ ထိတွေ့ခြင်း၊ အနိုင်အထက်ပြုခြင်း၊ နှင့် မုဒိန်းကျင့်ခြင်းအပါအဝင်ဖြစ်သော လိင်ဆိုင်ရာ လက်ရောက်မှု တို့အပါအဝင် ဖြစ်ပါသည်။ လိင်ဆိုင်ရာ လက်ရောက်မှုကျူးလွန်ခြင်းသည် ရာဇဝတ်မှုတစ်ခု ဖြစ်သည်။

## ပံ့ပိုးမှု၊ အကူအညီနှင့် သတင်း အချက်အလက် ရယူခြင်း

အကယ်၍ သင် မိသားစုအကြမ်းဖက်မှု သို့မဟုတ် လိင်ဆိုင်ရာ အကြမ်းဖက်မှုကို ကြုံတွေ့နေရလျှင် သင် လုံခြုံအောင် ကူညီပေးနိုင်သည့် အကူအညီ ရရှိနိုင်ပါသည်။ သင့် အခြေအနေနှင့် သင် ရွေးချယ်နိုင်သည့်နည်းလမ်းများ အကြောင်းကို သင် ပြောဆိုနိုင်ပြီး ဆွေးနွေးနိုင်သည့် လူများရှိပါသည်။

အကြမ်းဖက်မှုသည် မည်သည့်အခါမျှ သင့် အမှားမဟုတ်ပါ။ သင့်အား အပြစ်တင်ရန် မဟုတ်ပါ။

သင် သိသည့်တစ်စုံတစ်ယောက်မှာ အကြမ်းဖက်မှု ကြုံတွေ့နေရသည်ဟု သင် သိလျှင် သို့မဟုတ် သံသယဖြစ်လျှင် သင့်အား သတင်းအချက်အလက်များ၊ အကြံဉာဏ်နှင့် ပံ့ပိုးမှုပေးရန် ပံ့ပိုးဝန်ဆောင်ဌာနများလည်း ရရှိနိုင်ပါသည်။

## ပံ့ပိုး ဝန်ဆောင်ဌာနများ

အကယ်၍ သင် ပံ့ပိုး ဝန်ဆောင်ဌာန တစ်ခုကို သင် ဆက်သွယ်ရန်အတွက် ကူညီပေးရန် စကားပြန်တစ်ဦး သင် လိုအပ်လျှင် ဘာသာပြန်နှင့် စကားပြန်ဌာန (Translating and Interpreting Service (TIS)) ဖုန်း 131 450 ကိုဆက်ပါ။

ဖုန်းခေါ်မှုအားလုံးမှာ အခမဲ့ဖြစ်ပြီး လျှို့ဝှက်၍လုပ်ပေးသည်။

အကယ်၍ သင် လတ်တလော အန္တရာယ်ရှိနေလျှင် ရဲအား ဖုန်း သုညသုံးလုံး (000) ဖြင့်ဆက်ပါ။

ဩစတြေးလျနိုင်ငံရှိ ရဲတပ်ဖွဲ့မှာ ဘေးကင်းလုံခြုံပြီး ယုံကြည် စိတ်ချရနိုင်ပါသည်။

## နောက်ထပ် အချက်အလက်များ

ဩစတြေးလျနိုင်ငံသို့ လာရောက်သည့် အမျိုးသမီးများနှင့် အမျိုးသားများအား ပံ့ပိုးပေးရန် မိသားစု အကြမ်းဖက်မှုနှင့်ပတ်သက်သည့် ဩစတြေးလျနိုင်ငံ ဥပဒေများနှင့်ပတ်သက်၍ သတင်းအချက်အလက်များ အပါအဝင် နောက်ထပ် အချက်အလက်များကို ဘာသာစကား ၄၆ မျိုးဖြင့် **www.dss.gov.au/family-safety-pack တွင်ရရှိနိုင်ပါသည်။**

မိသားစုအကြမ်းဖက်မှုနှင့် လိင်ဆိုင်ရာ အကြမ်းဖက်မှုသည် မည်သည့်အခါမျှ လုပ်၍မရပါ။

အကယ်၍ သင် သို့မဟုတ် သင် သိသည့်တစ်စုံတစ်ယောက်မှာ မိသားစုအကြမ်းဖက်မှုကြောင့် ထိခိုက်ခံနေရလျှင် Safe at Home Family Violence Response and Referral ဖုန်းလိုင်း 1800 633 937 ကို ဆက်ပါ။

အကယ်၍ သင် သို့မဟုတ် သင် သိသည့်တစ်စုံတစ်ယောက်မှာ လိင်ဆိုင်ရာ အကြမ်းဖက်မှုကြောင့် ထိခိုက်ခံရလျှင် Statewide Sexual Assault Crisis ဖုန်းလိုင်း **1800 697 877** ကို ဆက်ပါ။ အရေးပေါ် ကိစ္စတစ်ရပ်တွင် အမြဲတမ်း ဖုန်း **000 ကိုဆက်ပါ။**

**အရေးပေါ် ကိစ္စတစ်ရပ်တွင်**
**အမြဲတမ်း ဖုန်း 000 ကိုဆက်ပါ။**

မိသားစုအကြမ်းဖက် နှစ်သိမ့်အကြံပေးခြင်းနှင့် ပံ့ပိုးမှု ဌာန
(Family Violence Counselling and Support Service)
**1800 608 122**
*တနင်္လာမှ သောကြာ-နံနက် 9 နာရီ - ညသန်းခေါင်။*
*စနေ၊ တနင်္ဂနွေနှင့် အများပြည်သူပိတ်ရပ်များ- ညနေ 4 နာရီ - ညသန်းခေါင်*

Engender Equality
**(03) 6278 9090**
*တနင်္လာမှ သောကြာ၊ နံနက် 9 နာရီ – ညနေ 5 နာရီ၊*
*ရုံးချိန်နောက်ပိုင်းကို ရက်ချိန်းဖြင့် ဆောင်ရွက်ပေးသည်။*
www.engenderequality.org.au

Safe Choices
**1800 806 189**
*တနင်္လာမှ သောကြာ၊ နံနက် 9 နာရီ – ညနေ 5 နာရီ*
www.safechoicestas.org.au

လိင်ဆိုင်ရာ လက်ရောက်မှု ပံ့ပိုးရေးဌာန
(Sexual Assault Support Service) (SOUTH)
**(03) 6231 0044**
*တနင်္လာမှ သောကြာ၊ နံနက် 9 နာရီ – ညနေ 5 နာရီ*
www.sass.org.au

Laurel House
North **(03) 6334 2740**
North West **(03) 6431 9711**
*တနင်္လာမှ သောကြာ၊ နံနက် 9 နာရီ – ညနေ 5 နာရီ*
www.laurelhouse.org.au

Safe at Home Family Violence Response and Referral
ဖုန်းလိုင်း **1800 633 937**
*၂၄ နာရီလုံး ရရှိနိုင်ပါသည်။ သတိပြုရန်- ရုံးချိန်နောက်ပိုင်း ဖုန်းခေါ်မှုများကို တက်စ်မေးနီးယား ရဲအဖွဲ့သို့ ဖုန်းလွှဲပေးပါသည်။*

Statewide Sexual Assault Crisis Support
ဖုန်းလိုင်းကို **1800 697 877**
*၂၄ နာရီလုံးလုံး ရရှိနိုင်ပါသည်။*

1800RESPECT:*National sexual assault, domestic, family violence counselling service ကို*
**1800 737 732**
*၂၄ နာရီလုံးလုံး ရရှိနိုင်ပါသည်။*
www.1800respect.org.au